# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 27, 2020 Volume 31, Number 17


| ၂၇.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၃၅၀၀ |
| ဒေါ်လာဈေး | = ၁၄၁၂/- ကျပ် |
| CBM Rate | = ၁၄၀၆.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၁.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၅.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID 19 ကာလအတွင်း အထွက်တိုးမျိုးစပါး တင်း ၆၀၀၀၀ ကျော် ရန်ကုန်တိုင်းအစိုးရ အခမဲ့ဖြန့်ဝေမည်



COVID 19 ကာလအတွင်း မျိုးစပါး လိုအပ်ချက်မရှိစေရေး ရန်ကုန်တိုင်း ၁၈ မြို့နယ်သို့ အထွက်တိုးမျိုးစပါး တင်း ၆၀၀၀၀ ကျော်ကို တိုင်းအစိုးရက အခမဲ့ ဖြန့်ဝေမည်ဟု ရန်ကုန်တိုင်း အစိုးရအဖွဲ့မှ သိရသည်။ ယင်းနှင့်ပတ်သက်ပြီး မေ ၂၅ ရက်တွင် အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ Covid-19 ကပ်ရောဂါကြောင့် တောင်သူများစပါးအထွက်နှုန်းကျဆင်းမှု မရှိစေရေးနှင့် တိုးတက်မှုရှိစေရေးအတွက် မျိုးစေ့အဆင့်ပြောင်းလဲစိုက်ပျိုးနိုင်ရန် အခမဲ့မျိုးစပါးများကို တောင်သူများအား ထောက်ပံ့ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့ကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့ ပြန်ကြားရေးမှထုတ်ပြန်ခဲ့သည်။ "ကိုဗစ်ကာလထဲမှာ တောင်သူတွေမျိုးစပါး လိုအပ်ချက်ရှိလာရင် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်နိုင်အောင်လို့ ၊ တိုင်းအစိုးရ ကမျိုးစပါးတွေကို အခမဲ့ဖြန့်ဝေမယ်။ ရန်ကုန်တောင်ပိုင်းခရိုင် ၊ မြောက်ပိုင်းခရိုင်နဲ့ ဒဂုံကနှစ်မြို့နယ် ထပ်ပေါင်းလိုက်လို့ ၁၈ မြို့ နယ်ဖြစ်သွားတယ်။ မျိုးစပါးတင်း ၆၀၀၀၀ ကျော်လောက် အခမဲ့ပေးမှာပါ'' ဟု ဒလမြို့စိုက်ပျိုးရေးဦးစီးဌာန ၊ ဦးစီးမှူး ဦးမျိုးသူက မြန်မာတိုင်းမ်သို့ပြောသည်။

ယင်းအစည်းအဝေးတွင် လက်ရှိစိုက်ပျိုးနေသော မြေကေများကို မှန်မှန်ကန်ကန် စာရင်းရရှိရေး၊ စပါးစိုက်ပျိုးချိန်တွင် ရေလုံလုံလောက်လောက်ရရှိရေး၊ မျိုးစပါး မျိုးကောင်းမျိုးသန့်များရရှိပြီး စိုက်ပျိုးရေး နည်းစနစ်မှန်ကန်စေရေး၊ ဇွန်လ ၁၅ ရက်မတိုင်မီ မျိုးစပါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုးသည့် (၁၈) မြို့နယ်သို့ အချိန်မီရောက်ရှိစေရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ "မိမိဒေသအတွင်းမှာ မျိုးစပါးထောက်ပံ့လိုက်တဲ့အတွက် ဒေသရဲ့စပါး ထွက်နှုန်းကို ပြောင်းလဲတိုးတက်သွားစေနိုင်တဲ့ မျိုးတစ်မျိုးသတ်မှတ်ပြီး ကျွန်တော်တို့ဒေသအတွင်းမှာ ရှိတဲ့ မျိုးစပါးတွေထက် အထွက်ကောင်းတဲ့ မျိုးစပါးတွေကို ထောက်ပံ့မှာပါ'' ဟု ဦးမျိုးသူကပြောသည်။

ထို့အပြင် လာမည့်မိုးရာသီတွင် လယ်သမားများအား ထောက်ပံ့ပေးနိုင်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်မည်ဖြစ်ကြောင်းအဆိုပါ ကန်ထရိုက်လယ်ယာစနစ်မှာ လယ်သမားများနှင့်ကုမ္ပဏီများ အကျိုးတူဆောင်ရွက်သည့်စနစ်ဖြစ်ပြီး လယ်သမားများက လယ်ယာမြေနှင့်လုပ်အားစိုက်ရပြီး ဓာတ်မြေဩဇာမှအစ အထွေထွေကုန်ကျစရိတ်ကို ကုမ္ပဏီများကကုန်ကျခံရခြင်းဖြစ်ကြောင်းသိရသည်။

"ကန်ထရိုက်လယ်ယာစနစ် လုပ်ဖို့အတွက် ရန်ကုန်တိုင်းမှာ ကုမ္ပဏီ ၅ ခုနဲ့ လုပ်မယ်''ဟု ဦးမျိုးသူကပြောသည်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ အာမခံဈေးနှုန်းသတ်မှတ်ဝယ်ယူနိုင်ရေး၊ အရည်သွေးကောင်း၊ ဆန်စပါးများ ပိုမို ထုတ်လုပ်နိုင်ရေးတို့အတွက် အဓိကရည်ရွယ်ပြီး ၂၀၂၀ မိုးစပါးရာသီတွင် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရန် မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်ပြည်ပတင်ပို့သူ Exporter များအား တိုက်တွန်းအကြံပြုထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှသိရသည်။

**Source:** https://myanmar.mmtimes.com/news/139605.html

## ကိုဗစ်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု ထက်ဝက်ကျဆင်း



ကမ္ဘာတစ်ဝှမ်း COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့မှုအပေါ်ထိခိုက်စေခဲ့ပြီး ကိုဗစ်ကြုံတွေ့ခဲ့သည့်ကာလအတွင်း ပဲမျိုးစုံတင်ပို့မှု ထက်ဝက်ခန့်အထိကျဆင်းကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှသိရသည်။ မြန်မာ့အဓိက ပဲဝယ်လက်နိုင်ငံ ဖြစ်သည့် အိန္ဒိယအပါအဝင် ပါကစ္စတန်၊ နီပေါနှင့် ဝယ်လတ်အချို့မှာ COVID-19 ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် မြန်မာနိုင်ငံတွင်လည်း COVID-19 ကြောင့် ပိတ်ဆို့မှုများရှိခဲ့သည့်အတွက် ပဲတင်ပို့မှု ကျဆင်းရခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှသိရသည်။ "ကိုဗစ်ကြောင့် ဝယ်သူနိုင်ငံရော၊ ရောင်းသူ နိုင်ငံရော အကုန်လုံးအခက်အခဲတွေ့နေပါတယ်။ အိန္ဒိယမှာလည်း Lockdown တွေချထားတာ ပြန်ဖွင့်တာ သိပ်မကြာသေးတော့ သူတို့လည်း ပြန်အားယူနေရတယ်။ ဒီမှာလည်း ကုမ္ပဏီအချို့က ဝန်ထမ်းလျှော့ထားတဲ့အခက်အခဲတို့၊ တခြားအခက်အခဲတွေ ရှိနေတယ်။ ဆိုတော့ တော်တော်လေး အားပျော့နေတယ်လို့ပဲပြောရမှာပေါ့နော်။ ဒီတော့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အရောင်း အဝယ်ကတော့ ၄၀၊ ၅၀ ရာခိုင်နှုန်းလောက်အထိ ကျသွားတဲ့သဘောမှာရှိတယ်" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

လတ်တလော အိန္ဒိယနိုင်ငံအစိုးရက ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွက်တင်သွင်းခွင့်ပြုထားသည့် မတ်ပဲတန်ချိန် နှစ်သိန်းခွဲ တင်ပို့ခွင့်ကာလကို မေလ ၁၅ ရက်နေ့နောက်ဆုံးသတ်မှတ်ထားရာမှ မေလကုန်အထိ သက်တမ်းတိုးမြှင့်ပေးထားပြီး လက်ရှိ အချိန်ထိ မတ်ပဲတန်ချိန် နှစ်သိန်းသုံးသောင်းကျော်တင်သွင်းပြီးဖြစ်ကြောင်းသိရသည်။ " ၂၀၂၀-၂၁ အတွက် မတ်ပဲတန်ချိန် လေးသိန်းကိုတော့ သူတို့ရဲ့ Importer တွေကို လိုင်စင်ထုတ်မပေးသေးဘူး။ ဒီလကုန်လောက်မှ ထုတ်ပေးမယ်လို့ကြားတယ်။ ဆိုတော့ ဇွန်လလောက်မှ အရောင်းအဝယ်က ပြန်ပြီးသွက်လာမယ်ထင်တယ်။ လတ်တလောတော့ အိန္ဒိယအပြင် ပါကစ္စတန်၊ ယူအေအီး၊ ဒူဘိုင်းတို့က ဝယ်ယူနေပါတယ် " ဟု ဦးမင်းကိုဦးကပြောသည်။

လတ်တလော အရောင်းအဝယ်က အေးစက်နေပြီး COVID-19 ကပ်ဘေးပြီးဆုံးပါက မြန်မာ့ပဲမျိုးစုံကို ဝယ်ယူနေကြ နိုင်ငံ များမှ ဝယ်ယူမှုများပြားလာဖွယ်ရှိကြောင်း ပဲကုန်သည်များက သုံးသပ်ပြောကြားသည်။ လတ်တလော ဘုရင့်နောင်ပဲမျိုးစုံ ဈေးကွက်အတွင်း မတ်ပဲ(FAQ)တစ်တန်လျှင် ကျပ် ၉၆၃,၀၀၀၊ မတ်ပဲ(SQ)တစ်တန်လျှင် ကျပ် ၁,၀၂၃,၀၀၀ နှင့် ပဲစင်းငုံ(နီ) တစ်တန်လျှင် ကျပ် ၇၆၂,၀၀၀ ဈေးရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139609.html

## ဈေးကွက်အတွင်းရှိ စက်သုံးဆီအရည်အသွေးနှင့်အချင်အတွယ်များ ပြည့်မီမှု ရှိ၊ မရှိ ပိုမိုစစ်ဆေးနိုင်ရန် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



ဈေးကွက်အတွင်းရှိ စက်သုံးဆီအရည်အသွေးနှင့် အချင်အတွယ်များ ပြည့်မီမှု ရှိ၊ မရှိ ပိုမိုစစ်ဆေးနိုင်ရန် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကပြောကြားသည်။ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လာမည့်တတိယသုံးလပတ်ကာလအတွင်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူထားသည့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံတော် ဝင်ငွေအတွက်လည်း အဓိက အားထားရ ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းသုံး ရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ရောင်းချ၊ ပို့လွှတ်ပေးရန် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့များ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စီမံချက်များစနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်းစက်သုံးဆီ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိရေနံချက်စက်ရုံများအားပြုပြင်လည်ပတ်သကဲ့သို့ စက်စွမ်းအား ပိုမိုမြင့်မားသည့် ရေနံဓာတုဗေဒစက်ရုံများတည်ဆောက်ရေးကိုလည်း စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် Minirefinery များ စနစ်တကျတည်ဆောက်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်ခြင်းကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စီမံရမည်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်ပြီး အမှန်တကယ် အကျိုးရှိမည့် ခေတ်မီဓာတ်မြေသြဇာ စက်ရုံများတည်ဆောက်ရေးကိုလည်း စီမံထားရန်လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး က ပြောကြားသည်။

ထို့ပြင် မိမိတို့ လျာထားချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စု တစ်သန်း LPG သုံးစွဲနိုင်ရေးကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ရေနံဓာတ်ငွေ့ရည် သုံးစွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၂၀၁၀ ခုနှစ်မှစတင်၍ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်ကထုတ်ပြန်ခဲ့သော ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီဖြစ်စေရန်အတွက် ဈေးကွက်ရှိစက်သုံးဆီအရည်အသွေး၊ အချင်အတွယ်များ ပြည့်မီအောင် စစ်ဆေးကြပ်မတ်ခြင်းများကိုလည်း ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအား အရည်အသွေး၊ အချင်အတွယ်ပြည့်ဝသည့် စက်သုံးဆီများအသုံးပြုနိုင်ရေး စီမံပေးရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

ယင်းအပြင် နိုင်ငံတော်အတွက် အရေးပေါ်ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် စက်သုံးဆီ အရန်သိုလှောင်ထားမှုများကိုလည်း စီမံထားရန်လိုအပ်ကြောင်း၊ အထက်ပါလုပ်ငန်းများကို စနစ်တကျကြီးကြပ်စစ်ဆေးနိုင်ရန် မကြာမီရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတစ်ခု အသစ်ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းမှု၏ Impact ကို ကြိုတင် ပြင်ဆင်ရမည်ဖြစ်ပြီး အခြားဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို သုံးသပ်၍ သက်ရောက်မှုအနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း

ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အရန်စက်သုံးဆီများ သိုလှောင်ထားရှိရန်လိုအပ်ကြောင်း၊ COVID-19 ထိန်းချုပ်နေသော ကာလအတွင်း မိမိတို့လုပ်ငန်းအလိုက် စီမံကိန်းများနှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေရသည့်အခြေအနေများကို အသေးစိတ် တင်ပြကြရန်လိုအပ်ကြောင်း၊ COVID-19 Impact အား ပြန်လည်ကုစားနိုင်ရန် Prevention Plan များ ရေးဆွဲထားရန် လိုအပ်ကြောင်း၊ သို့မှသာ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အတတ်နိုင်ဆုံး ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းဆောင်ရွက် ပေးနိုင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

**Source:** https://news-eleven.com/article/175582

## ဖရဲဈေးကွက်ပျက်နေပြီး ယခုနှစ် ဆုံးရှုံးမှုပမာဏများမည်ဟု ဖရဲ၊ သခွားအသင်းခန့်မှန်း



တရုတ်နိုင်ငံသို့ အားထားတင်ပို့နေရသည့် ဖရဲသီးဈေးကွက်မှာ ရပ်ဆိုင်းလု နီးပါးဖြစ်နေကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ တရုတ်နိုင်ငံ၌ ဖရဲစိုက်ပျိုးရာသီချိန်ရောက်ရှိလာခြင်းနှင့်အတူ ပြည်တွင်းရှိ ဖရဲစိုက်တောင်သူများ၏ ဆုံးရှုံးမှုအခြေအနေများကြောင့် မြန်မာ-တရုတ်နယ်စပ်ဂိတ်များ၌ ဖရဲသီးရောင်းဝယ်မှုရပ်တန့်နေရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ “ဇန်နဝါရီ ကတည်းကစပြီး ဈေးကွက်မကောင်းတော့တဲ့အပြင် အရင်နှစ်တွေကဆို အခုချိန်ထိပို့နေရတဲ့ ဖရဲဈေးကွက်က မရှိသလောက်ဖြစ်သွားပြီ။ ဒီနှစ် တော်တော်ကို အရှုံးကြီးမယ်” ဟု ဦးနိုင်ဝင်းကပြောသည်။

ဖရဲ၊ သခွားတင်ပို့မှုမှ နှစ်စဉ် ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိ သည့် ပမာဏမှာ ယခုဘဏ္ဍာနှစ် တွင်မူ ဒေါ်လာ သန်း ၆၀ ထက် မနည်းဆုံးရှုံးမည်ဟု ဖရဲ၊ သခွားအသင်းက ခန့်မှန်းထားသည်။ အဆိုပါအခြေအနေကြောင့်မြန်မာနိုင်ငံရှိ ဖရဲစိုက်ပျိုးသည့် တောင်သူများအတွက် အစိုးရ (သို့မဟုတ်) ပုဂ္ဂလိကအကူအညီရယူရန် ကြိုးပမ်းမည်ဟုလည်း ဦးနိုင်ဝင်းကဆိုသည်။ ဖရဲတစ်ဧက စိုက်ပျိုးစရိတ် သည် ကျပ် ၁၅ သိန်း မှ သိန်း ၂၀ ကြားရှိပြီး သခွားမွေးတစ်ဧက စိုက်ပျိုးစရိတ်မှာမူ တစ်ဧက ကျပ် သိန်း ၅၀ မှ ၆၀ ဝန်းကျင်ရှိသည်။ ချင်းပြည်နယ်မှအပ ကျန်တိုင်းနှင့် ပြည်နယ်များ၌ ဖရဲ၊ သခွားစိုက်ဧက ၁၂၇,၆၂၀ ရှိပြီး တောင်သူ ၄၀,၀၀၀ ခန့် မှီခိုနေရကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများအရသိရသည်။

**Source:** https://7day.news/detail?id=187168

## မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကန့်သတ်ချက်အချို့ ဖြေလျှော့ရန်ဆွေးနွေးခဲ့ပြီး မကြာမီ ထပ်မံတွေ့ဆုံ ဆွေးနွေးရန်ရှိကြောင်း ရှမ်းပြည်နယ်စီမံဘဏ္ဍာဝန်ကြီးပြောကြား



COVID-19 ရောဂါ ကာကွယ်ရေးအတွက် တရုတ်နိုင်ငံဘက်က ချမှတ်ထားတဲ့ ကန့်သတ်ချက်များနှင့် တင်းကျပ်မှုအချို့ကိုဖြေလျှော့ပြီး မျှတသည့် ကုန်သွယ်ရေးစနစ်ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြောကြားသည်။ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ် နယ်နိမိတ်စည်းပေါ်၌ မေ ၂ ရက်က ရှမ်းပြည်နယ်အစိုးရနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချင်းခရိုင် ဒုမြို့တော်ဝန်အဖွဲ့တို့ မြန်မာ-တရုတ် နယ်စပ်ဂိတ်အကြား မျှတသည့်ကုန်သွယ်ရေးဖော်ဆောင်ရန် ဆွေးနွေး ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရနှင့် တရုတ်နိုင်ငံယူနန်ပြည်နယ် လင်းချင်းခရိုင် ဒုမြို့တော်ဝန်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့သည်။

“ကန့်သတ်ချက်တွေကို မြန်မြန်ဆန်ဆန်ဖြေလျှော့ပေးဖို့နဲ့ COVID ကာလနဲ့ COVID အလွန်ကာလတွေမှာ နှစ်နိုင်ငံ ကုန်သွယ်ရေးကို မြှင့်တင်နိုင်ဖို့ဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့ မကြာမီ တွေ့ဆုံဆွေးနွေးဖို့လည်းရှိပါတယ်” ဟု

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်ကပြောကြားသည်။ "ဆွေးနွေးချက်ကို နှစ်နိုင်ငံ ပြည်ထောင်စုဗဟိုအစိုးရကို တင်ပေးဖို့သဘောတူညီပြီး လက်မှတ်ရေးထိုးကြတယ်။ ချင်းရွှေဟော်ဘက်က ကုန်သွယ်မှုက အကျဘက်လိုက်လာတယ်။ ကြံကားလောက်သာပေးဖြတ်တယ်။ ကြံရာသီပြီးတော့ စည်းကမ်းတင်းကြပ်မှုတွေ အရမ်းများနေတဲ့ သဘောပေါ့။ သူတို့ဘက်က ကားလာမောင်းတယ်။ ကားတွေပုံလိုက်လာတဲ့ ဒေသခံတွေပြောပြချက်အရ မြန်မြန်ဆန်ဆန် ဒါတွေကိုဖြေလျော့ပေးဖို့နဲ့ COVID-19 ကာလကော COVID-19 လွန်ကာလတွေမှာ နှစ်နိုင်ငံ စီးပွားရေးကိုမြှင့်တင်ဖို့ နယ်စပ်ကုန်သွယ်ရေးဇုန်တွေအတွက် ဆွေးနွေးဖြစ်တယ်။ မူဆယ်မှာလည်း ကျွန်တော်တို့ အပါအဝင် တရုတ်နိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ရုံးက သံမှူးတွေနဲ့ တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ်က တာဝန်ရှိသူတွေ မကြာမီတွေ့ဆုံဆွေးနွေးဖို့လည်းရှိပါတယ်" ဟု ဝန်ကြီး ဦးစိုးညွန့်လွင်က ဆက်လက်ပြောကြားသည်။

လက်ရှိအနေအထားအရ နှစ်နိုင်ငံတာဝန်ရှိသူများ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသော်လည်း မြန်မာ တရုတ် နယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကုန်သွယ်ရေးကဏ္ဍများမှာ တရုတ်နိုင်ငံဘက်က COVID-19 ရောဂါ အကြောင်းပြချက်ဖြင့် ကုန်သွယ်ရေး မညီမျှမှုများရှိနေကြောင်း နယ်စပ်ကုန်သည်များကဆိုသည်။ ကုန်စည်စီးဆင်းမှု အနေအထားမှာ ယခင်ကာလ ကထက် လျော့ကျသွားပြီး ဈေးကွက်မှာ တရုတ်နိုင်ငံဘက်သို့ ရောက်သွားကြောင်း မူဆယ်-နမ့်ခမ်း ကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောကြားသည်။ "ကုန်စည်စီးဆင်းမှု အနေအထားက အရင်ကာလထက် တော်တော်လေးလျော့သွားတယ်။ COVID-19 ရောဂါဖြစ်တော့ ဈေးကွက်က သူတို့ဘက် ရောက်သွားတယ်။ အသီးဆိုလည်း သူတို့ဘက်မှာ သွားရောင်းရတယ်။ မလိုလားတဲ့ ဆုံးရှုံးမှုတွေနဲ့လည်း ဆုံးရှုံးနေတယ်။ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ အမြဲတောင်းဆိုနေတယ်။ ဥပမာပြောရရင် ပြောင်း၊ ဆန်၊ သကြားတွေကို ကိုတာစနစ်နဲ့ မသွားဘဲနဲ့ အသီးလို လွတ်လွတ်လပ်လပ် ရောင်းဝယ်ခွင့်ရမယ်ဆိုရင် နှစ်ဘက်နေ ကုန်သည်တွေ ပြည်သူတွေ တောင်သူတွေအကျိုးရှိမှာပါ။ ဒီကိုတာစနစ်ကိုဖျောက်ပစ်ပြီး လွတ်လပ်စွာ နှစ်နိုင်ငံ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လွတ်လွတ်လပ်လပ် ရောင်းဝယ်မှုလုပ်လို့ရမှ အရောင်းအဝယ်လည်း ပြန်တက်မယ်။ ကုန်သွယ်မှုလည်း ဒီထက်ပိုကောင်းလာ မြန်ဆန်လာလိမ့်မယ်။ ပြီးတော့ နှစ်နိုင်ငံ ပြည်သူတွေ တောင်သူတွေ အတွက်ကော အကျိုးရှိလိမ့်မယ်။ နယ်စပ်မှာ တော်တော်လေး အခက်အခဲ ဖြစ်နေတယ်ဆိုတာ လူကြီးတွေအားလုံး သိပါတယ်။ ဒီကိစ္စကို စိတ်တူကိုယ်တူအားလုံး ဝိုင်းဝန်းပြီး တွန်းမယ်ဆိုရင်တော့ အရွေ့တစ်ခုရွေ့ပြီး ကောင်းတဲ့ဘက်ကို ရောက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု မူဆယ်-နမ့်ခမ်း ကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောကြားသည်။

ပြီးခဲ့သည့် မေ ၆ ရက်ကလည်း မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပေကျင်းမြို့ရှိ မြန်မာသံရုံး အနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေ စီမံကွပ်ကဲမှု အဖွဲ့အစည်း၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (Department of International Cooperation of the General Administration of Customs of China - GACC) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အာရှရေးရာဌာန (Department of Asian Affairs of the Ministry of Commerce of People Republic of China - MOFCOM) တို့အား ဆက်သွယ်ညှိနှိုင်း အကြောင်းကြားခဲ့ကြောင်း သိရသည်။ အလားတူ မေ ၂၀ ရက်တွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ယူနန်ပြည်နယ် စီးပွားရေးဌာနတို့အကြား ပြည်နယ်အဆင့်တွေ့ဆုံမှု ပြုလုပ်၍ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရေးဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://news-eleven.com/article/175614

## မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် ကန်ဒေါ်လာသန်း၂၀၀ ချေးယူရန် လွှတ်တော်သို့တင်ပြ

နိုင်ငံတော် သမ္မတထံမှ ပေးပို့သော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည် ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)တို့ထံမှ ကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းဝင်များက ယမန်နေ့(မေ ၂၆ ရက်)ကပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့သည်။ "COVID-19 ကြောင့် လယ်ယာကဏ္ဍနဲ့ လယ်သမားများ ကျေးလက်နေပြည်သူများရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကနေ ကြံ့ကြံ့ခံကျော်လွှားနိုင်အောင်ပံ့ပိုးပေးနိုင်ရေး၊

ပြည်သူတွေ ဘေးကင်းတဲ့အာဟာရစားနပ်ရိက္ခာတွေစားသုံးနိုင်ရန် စဉ်ဆက်မပြတ်ပံ့ပိုးနိုင်ရေး အစီအမံများလည်း ပါဝင်ပါတယ်''ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကပြောသည်။ ယခုစီမံကိန်းကို အကောင်အထည်ဖော်နိုင်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အစီအစဉ်များပါဝင်ခြင်း၊ စိုက်ပျိုးရေး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားကို အရှိန်ဟုန်မြှင့်တင်ရေး၊ COVID –19 ကပ်ရောဂါကြောင့် အကျိုးသက်ရောက်မှုအပေါ် ချက်ချင်းထိရောက်စွာ ပြန်လည်ကုသနိုင်ရေး အစီအစဉ်အတွက် ချေးငွေဖြင့် လုပ်ကွက်ငယ်တောင်သူများအား ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကပြောသည်။

COVID–19 အလွန် ကာလတွင် စီးပွားရေးအလျင်အမြန် ပြန်လည်ထူထောင်နိုင်ရန် အခွင့်အလမ်းအကောင်းဆုံးကဏ္ဍမှာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖြစ်၍ ပြည်ပချေးငွေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသင့်ကြောင်း ၎င်းကတိုက်တွန်းသည်။ ကမ္ဘာ့ဘဏ်၏ ချေးငွေဆိုင်ရာ စည်းကမ်းချက်မှာ ဆိုင်းငံ့ကာလငါးနှစ်၊ ပြန်ဆပ်ကာလ (၂၅) နှစ်ဖြစ်၍ စုစုပေါင်း ချေးငွေသက်တမ်းမှာ နှစ်ပေါင်း (၃၀) ဖြစ်ကာ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၂၅ ဖြစ်ပြီး ဝန်ဆောင်ခမှာ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ဖြစ်ကြောင်း ဦးမောင်မောင်ဝင်းက ရှင်းပြသည်။ ယင်းချေးငွေ၏ Grant Element တွက်ချက်ရာတွင် ၃၈ ဒသမ ၃၇ ရာခိုင်နှုန်းရှိသဖြင့် သက်သာသော ချေးငွေအမျိုးအစားတွင် ပါဝင်ကြောင်း ၎င်းက ဆိုသည်။ ချေးငွေပမာဏ အပြည့်အဝထုတ်ယူပြီးချိန်မှစ၍ ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် ကန်ဒေါ်လာ ၄ ဒသမ ၀ သန်းနှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်းနှင့်အတိုးပေါင်း ကန်ဒေါ်လာ ၁၀ ဒသမ ၅၆ သန်းခန့်တို့ကို နှစ်စဉ် ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်း ဦးမောင်မောင်ဝင်းက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းရေးရာဝန်ကြီးဌာနသည် ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက် အထိရယူထားသည့် ပြည်ပကြွေးမြီစုစုပေါင်း ကန်ဒေါ်လာ ၁ ဒသမ ၁၃၁ ဘီလီယံထိရှိကာ ပေးဆပ်ရန် လက်ကျန်မှာ ကန်ဒေါ်လာ ၉၀၃ ဒသမ ၂၁၄ သန်းဖြစ်ကြောင်း ၎င်းက ပြောသည်။ ယင်းချေးငွေနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် မေလ ၂၇ ရက်ထက်နောက်မကျဘဲ နာမည်စာရင်းပေးပို့ရမည်ဖြစ်ပြီး ၂၈ ရက်တွင် ဆွေးနွေးရန် လျာထားကြောင်း ပြည်ထောင်စုလွှတ်တော်နာယကဦးတီခွန်မြတ်က ကြေညာသည်။

**Source:** https://7day.news/detail?id=187105

## မိုးနှမ်းစိုက်ပျိုးချိန် ကျွဲ၊ နွားရှားပါးလာခြင်းကြောင့် ထွန်စက်ငှားရမ်း၍လုပ်ကိုင်နေရ



မင်းဘူး စကုမြို့နယ်အတွင်း မိုးနှမ်းများစိုက်ပျိုးရန် ထွန်ယက်ချိန်အတွင်း လယ်ယာလုပ်ငန်းများတွင် အသုံးပြုသည့် ကျွဲ၊ နွားများရှားပါးလာမှုကြောင့် ထွန်စက်များကို ငှားရမ်းလုပ်ကိုင်နေရကြောင်း ဒေသခံများကပြောသည်။ ကျွဲ၊ နွားများအား ပြည်ပသို့တင်ပို့ရန် ကုမ္ပဏီများက ဈေးကောင်းပေး၍ ဝယ်ယူနေမှုများကြောင့် ယခုကဲ့သို့ လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် ကျွဲ၊ နွားများ ရှားပါးလာခြင်းဖြစ်သည်။ "လွန်ခဲ့တဲ့ သုံး၊ လေးနှစ်လောက်က တရုတ်ကိုတင်ပို့ဖို့ဆိုပြီး ကျွဲ၊ နွားတွေကို ရွာတွေအထိဆင်းပြီးဝယ်ကြတယ်။ ကာလပေါက်ဈေးထက် ဈေးပိုပေးတော့ ရောင်းကြတာပေါ့။ ခိုင်းနွားတစ်ကောင်ကို ၁၂ သိန်း၊ ၁၅ သိန်းလောက်အထိ ပေးဝယ်ကြတယ်။ ကျွန်တော့်ရွာနဲ့ ပတ်ဝန်းကျင်ရွာတွေ မှာလည်း ကျွဲ၊ နွားတွေ သိပ်မရှိတော့ဘူး။ အခုလို မိုးကျလို့ ထွန်ယက်ဖို့ နွားငှားမယ်ဆို နွားတစ်ရှဉ်းနဲ့ တစ်နေ့ ထွန်ယက်ခ ကျပ် ၂၀,၀၀၀ ပေးပြီးငှားရတယ်။ နွားနဲ့ထွန်ယက်တာ ဈေးကောင်းနေတဲ့အတွက် တောင်သူအများကတော့ ထွန်စက်တွေငှားပြီး ထွန်ယက်နေကြတယ်"ဟု မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦးကပြောသည်။

ထွန်စက်ဖြင့် ငှားရမ်းလုပ်ကိုင်မည်ဆိုပါက လယ်တစ်ဧကလျှင် ကျပ်၂၀,၀၀၀ ခန့်ဖြင့် ထွန်ယက်မည့်ဧကများပါက ကျပ် ၁၅၄၀၀၀ ခန့်ကိုပေးဆောင်ရကြောင်းသိရသည်။ ထွန်စက်ဖြင့်လုပ်ကိုင်ခြင်းသည် အလုပ်ပြီးမြောက်မှု မြန်သည့်အတွက် ငှားရမ်းလုပ်ကိုင်မှုများကြောင်းသိရသည်။ မင်းဘူး စကုမြို့နယ်အတွင်း ယခုနှစ် နွေရာသီကာလ၌ နွေနှမ်းသီးနှံ စိုက်ဧက ၂၈၂၁၁

ကောကိုစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးရာသီကာလတွင် မိုးနှမ်းစိုက်ဧက ၆၃၃၇၂ ကောကိုစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ "ဒီနှစ်မိုးနှမ်းကို စိုက်ဧကခုနှစ် ဧကလောက်အထိစိုက်ပျိုးမှာမို့ မိုးလေးကျပြီး ထွန်ယက်နေပါတယ်။ ယာထွန်တာကိုတော့ ထွန်စက်နဲ့ငှားထွန်ပြီး နှမ်းမကြဲ၊ မပက်မီ နွားနဲ့မြေသားညက်အောင် ဆက်ပြီးထွန်ရဦးမှာပါ။ လက်ရှိဈေးတန်းရှိတဲ့ စမုန်နက်နှမ်းမျိုးပဲ စိုက်ပျိုးသွားမှာပါ။ စမုန်နက်မျိုးစေ့က တစ်တင်းကို ကျပ်တစ်သိန်းလောက်အထိဈေးရှိတယ်။ ဒီကာလက တောင်သူတွေ စိုက်ပျိုးစရိတ်အတွက် ငွေအကုန်အကျ များတဲ့ကာလပေါ့"ဟု မောင်းမကန်ကျေးရွာနေ နှမ်းစိုက်တောင်သူ ကိုသာအိက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/139639.html

## ရှမ်းပြည်ထွက် ဂေါ်ဖီထုပ်များကို ကမ္ဘောဇဘဏ်က ဝယ်ယူပြီး နေရာအနှံ့ လှူဒါန်းမည်ဟုဆို

တောင်သူများ အရှုံးသက်သာစေရန် ရှမ်းတောင်ထွက် ဂေါ်ဖီထုပ်များကို တစ်လုံး ၅၀ ကျပ်နှုန်းဖြင့် ကမ္ဘောဇ ဘဏ်မှလည်း ဝယ်ယူကာ နိုင်ငံအနှံ့သို့ ဆက်လက်လှူဒါန်းမည်ဟု ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ကိုတူးငယ်ကပြောသည်။ ရောင်းရန်ခက်ခဲသည့် ပင်လောင်းမြို့နယ် နောင်တရား၊ တီကျစ်ဒေသမှထွက်ရှိသည့် ဂေါ်ဖီထုပ်များကို ကမ္ဘောဇဘဏ်မှ ဝယ်ယူကာရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့်နေရာများသို့ ပို့ဆောင်လှူဒါန်းပေးသွားမည်ဖြစ်သည်။ ‘‘အခုကျွန်တော်တို့ အလုံးရေတစ်သိန်းကျော်၊ နှစ်သိန်းလောက်ဝယ်ထားပြီးပြီဗျာ့။ ဆက်ပြီးတော့ ဝယ်ပါမယ်၊ ရောင်းလို့ မရ၊ တင်ပို့လို့မရတာတွေကို ကမ္ဘောဇဘဏ်က ဝယ်ပေးတယ်၊ ဒါတွေကြောင့် တောင်သူက အတိုင်းအတာတစ်ခုအထိအဆင်ပြေသွားဖို့ပါ။ ဂေါ်ဖီတွေထပ်ရှိရင် ထပ်ဝယ်ပေးမယ်လို့ တောင်သူတွေကို အားပေးထားတယ်’’ဟု ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ ကိုတူးငယ်ကပြောသည်။

ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းကဝယ်ယူပြီး ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ တာဝန်ယူလှူဒါန်းခြင်းဖြစ်ကာ ရန်ကုန်၊ မန္တလေး ရမည်းသင်း၊ မြင်းခြံ၊ မော်လမြိုင် တို့တွင်လှူဒါန်းပြီးဖြစ်သည်ဟု ၎င်းကပြောသည်။

**Source:** https://7day.news/detail?id=187107

## လုပ်ခလစာသက်သာခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့လာခြင်းကြောင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၌ CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း DICA ညွှန်ချုပ်ပြောကြား



လုပ်ခလစာ သက်သာခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ချောမွေ့ လာခြင်းကြောင့် စက်မှုကဏ္ဍ၌ CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် တိုးတက်လာမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာနှင့် ဖြေကြားမှုတွင် ညွှန်ကြားရေးမှူးချုပ်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

“စက်မှုလုပ်ငန်းတွေက နိုင်ငံရဲ့လုပ်သားအင်အား များပြားခြင်း၊ လုပ်ခလစာ သက်သာခြင်း၊ ဝင်ထွက်သွားလာရန် ဆိပ်ကမ်း၊ လေကြောင်း၊ ကုန်းလမ်းနဲ့ မီးရထားစတဲ့ သယ်ယူပို့ဆောင်မှုတွေ အဆင်ပြေတာ ဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းတွေ ပိုများတာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းမှာ CMP လုပ်ငန်းက ပိုများပါတယ်။ CMP လုပ်ငန်းတွေ ဆက်ပြီးတိုးတက်လာဦးမယ်လို့လည်း မျှော်မှန်းပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍသည် အများဆုံးဖြစ်သည်။ လျှပ်စစ်လုပ်ငန်းကဏ္ဍသည် ဒုတိယအများဆုံးဖြစ်ပြီး စက်မှုကဏ္ဍသည် တတိယအများဆုံးဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့်လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လည်း အထည်ချုပ်ကဏ္ဍတွင် အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။ အစိုးရသစ် စတင်တာဝန်ယူချိန်၌ အထည်ချုပ် (CMP) ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်အကိုင် လေးသိန်းခန့် ဖန်တီးနိုင်ခဲ့သည်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း (CMP) ထုတ်လုပ်မှုတန်ဖိုးသည် ၁၀ ဆ တိုးတက်လာပြီး ယခုအစိုးရသက်တမ်း စတုတ္ထနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်မည့်အခြေအနေရှိကြောင်းသိရသည်။

လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမား ခြောက်သိန်းခန့်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့်၏ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းထွက်ကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ထားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းလျာထားချက်မှာ ဒေါ်လာ ၅ ဒသမ ၈ ဘီလျံဖြစ်သည်။ လက်ရှိအချိန်အထိ ဒေါ်လာ ၃ ဒသမ ၄ ဘီလျံခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၅ ဒသမ ၁၆၇ ဘီလျံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀၀၀ နီးပါးအထိ လာရောက်ရင်းနှီးမြှုပ်နှံထားသည်။

**Source:** https://news-eleven.com/article/175647

## Coronavirus ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကာလအလွန်တွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကုစားမှုအစီအစဉ်များနှင့် နိုင်ငံ၏ စီးပွားရေးတိုးတက်နိုင်မှုအလားအလာအခြေအနေ

ကိုရီးယားသမ္မတနိုင်ငံအစိုးရသည်လက်ရှိဖြစ်ပွားဆဲဖြစ်သော Coronavirus ကမ္ဘာ့ကပ် ရောဂါကြောင့်ထိခိုက်ရသော နိုင်ငံ၏စီးပွားရေးကဏ္ဍအား နာလန်ထူနိုင်စေရေး အစိုးရ၏စွမ်းဆောင် ကုစားမှုအစီအမံများအဖြစ် အစိုးရဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း အနည်းဆုံး (၅၅၀,၀၀၀)ခန့်ကို အလျင်အမြန် ဖန်တီးပေးသွားနိုင်ရေး ကိုရီးယားဝမ်(၃.၅)ထရီလီယံ (အမေရိကန် ဒေါ်လာ ၂.၈ ဘီလီယံ)ကို ထပ်တိုးရန်ပုံငွေအဖြစ် ခွင့်ပြုပေးသွားမည်ဟု (၂၀-၅-၂၀၂၀) ရက်နေ့တွင် ကတိပြုခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းတွင် အမျိုးသားလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်များကို ဇွန်လအတွင်းတွင်ပင် အကောင်အထည်ဖော်ပေး နိုင်ရေး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

"ယခုအချိန်သည် Coronavirus ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး နေ့စဉ်လုပ်ငန်း စဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံ၏စီးပွားရေးပြန်လည်နာလန်ထူရန် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ တောင်ကိုရီးယားအနေဖြင့် အခြားသော တိုးတက်သည့်နိုင်ငံကြီးများကဲ့သို့ Lock Down ပြုလုပ်သည့်လုပ်ငန်းစဉ်ကို မကျင့်သုံးဘဲ ပြည်တွင်းစီးပွားရေးကိုအရှိန်အဟုန်မပျက်တိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်တန်းကျောင်း များကိုလည်း မူလဖွင့်လှစ်ရမည့်နေ့မှ ရက်ပေါင်း(၈၀)အကြာ (၂၀-၅-၂၀၂၀) ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း" ဘဏ္ဍာရေးဝန်ကြီးက(၂၀-၅-၂၀၂၀) ရက်နေ့တွင် Seoul Government Complex ၌ပြုလုပ်ခဲ့သော စီးပွားရေးဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် နိုင်ငံ၏စီးပွားရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းပြမြေပုံ(Road Map)ကိုဗဟိုပြုလျက် မူဝါဒဆိုင်ရာမဏ္ဍိုင်(၄)ရပ်ဖြစ်သော လူငယ်လူရွယ်များ အတွက် ပြည်သူပိုင်အစိုးရကဏ္ဍများတွင် ဝန်ထမ်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းအတွက် လှုပ်ရှားမှုများကိုပြန်လည်အားဖြည့်ခြင်း၊ အဓိကစက်မှုလုပ်ငန်း ကဏ္ဍများအတွက် ထောက်ပံ့မှု ရန်ပုံငွေပံ့ပိုးမှုအစီအစဉ်များနှင့် Special Purpose Vehicle (SPV) ထူထောင်၍ Low-Credit Corporate Bond များဝယ်ယူပေးမည့်အစီအစဉ် စသည့်တို့ကို ဆောင်ရွက်ရန် အကြံပြုခဲ့ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် လူချင်းထိတွေ့ရန်မလိုအပ်သည့်ကဏ္ဍများတွင် Digital Data Management & Content Creation ရာထူးများအတွက် (၆၄,၀၀၀)နေရာနှင့် COVID-19 အလွန်ကာလအုပ်ချုပ်မှုရေးရာလုပ်ငန်းရာထူးများအတွက် (၃၆,၀၀၀)နေရာ၊ စုစုပေါင်း အလုပ်အကိုင်ရာထူးနေရာ(၁၀၀,၀၀၀)နေရာနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာများအတွက်အလုပ်အကိုင် (၃၀၀,၀၀၀) နေရာခန့်ဖန်တီးပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

ပြည်တွင်းငွေချေးစာချုပ်ကဏ္ဍအတွက် တောင်ကိုရီးယားအစိုးရနှင့် ဗဟိုဘဏ် Bank of Korea (BOK) တို့သည် Special Purpose Vehicle(SPV)အစီအစဉ်ကိုထူထောင်လျက် Corporate Bonds & Commercial Papaers များကို အတိုးနှုန်းနည်းစွာဖြင့် ကုမ္ပဏီများထံမှ ဝယ်ယူပေးသွား မည်ဖြစ်ကြောင်း၊ SPV အစီအစဉ်သည် အရင်းအနှီးခေါ်ယူမှုပုံစံမျိုးဖြစ်ပြီး မိတ်ဖက်လုပ်ငန်းများမှ ငွေကြေးလိုအပ်ချက်ပေါ်ပေါက်လာပါက ချေးငွေများစီစဉ်၍ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်တွင် ဗဟိုဘဏ် Bank of Korea (BOK) မှ ကိုရီးယားဝမ် (၈) ထရီလီယံနှင့် Korea Development Bank (KDB)ဘဏ်မှ ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ငွေ ကိုရီးယားဝမ် (၂) ထရီ လီယံ တို့ပါဝင်ပြီး စုစုပေါင်း ကိုရီးယားဝမ် (၁၀) ထရီလီယံဖြစ်ကြောင်း၊ KDB ၏ (၂) ထရီလီယံ အနက် (၁) ထရီလီယံသည် KDB ဘဏ်၏ ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ငွေအဖြစ် နိုင်ငံတော်ရန်ပုံငွေတွင် ထည့်ဝင်သွားမည်ဖြစ်ကြောင်း၊ SPV အစီအစဉ်အား လုပ်ငန်းရှင်များ၏လိုအပ်ချက်ပေါ်မူတည်၍ ကိုရီးယားဝမ် (၂၀) ထရီလီယံအထိ (၂)ဆ တိုးမြှင့်ပေးသွားရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

ဤအစီအစဉ်သည် အမေရိကန်ပြည်ထောင်စု US Federal Reserve ၏ မတ်လတွင် ဆောင်ရွက်ခဲ့သော Primary Market Credit Facility နှင့် Secondary Market Corporate Credit Facility တို့အပါအဝင် SPVsအစီအစဉ် များကိုနမူနာယူ၍ဖြစ်တည်လာခြင်းဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုငွေတိုက်၏ဆုံးဖြတ်ချက်အရ ဗဟိုဘဏ်အတွက် ချေးငွေဆိုင်ရာဖြစ်လာနိုင်ချေရှိသည့် အန္တရာယ်များကိုလျှော့ချနိုင်ရေး Exchange Stabilization Funds ရန်ပုံငွေကို SPVs အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ တောင်ကိုရီးယား၏အစီအစဉ်သည်လည်း အလားတူဖြစ်ပြီး၊ ချေးငွေကြောင့်ဖြစ်ပေါ်လာနိုင်ချေရှိသည့် မမျှော်မှန်းနိုင်သည့် Risk (၂၀)ရာခိုင်နှုန်းကို အစိုးရနှင့် KDB ဘဏ်တို့မှ ဗဟိုဘဏ် (BOK) အတွက် မျှ၍တာဝန်ယူထားခြင်းပင်ဖြစ်ကြောင်း သိရှိရပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါကို ခုခံကာကွယ်နေသည့်ကာလအတွင်း ကမ္ဘာ့စီးပွားရေး သိသာစွာကျဆင်းမှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ ခက်ခဲကျပ်တည်းစွာရုန်းကန်ရမှုများကြောင့် ကိုရီးယား သမ္မတနိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ယခု ၂၀၂၀ ပြည့်နှစ်တွင် ၀.၂ % သာ တိုးတက်လာ နိုင်ပြီး၊ ၂၀၂၁ ခုနှစ်တွင် ၃.၉ % သို့ ပြန်လည် တိုးတက်လာနိုင်ကြောင်း၊ သို့သော် ယခုကဲ့သို့ ခန့်မှန်းတွက်ချက်ရာတွင်ကမ္ဘာ့စီးပွားရေးမငြိမ်သက်မှုကြောင့် စိန်ခေါ်မှုများစွာကိုလည်းကြုံတွေ့ သွားရနိုင်သည်ကို မျှော်လင့်ထားရမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံ၏ think tank အဖွဲ့ ဖြစ်သော စီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနလက်အောက်ရှိ ကိုရီးယားဖွံ့ဖြိုးမှုအဖွဲ့အစည်း (Korea Development Institute-KDI)၏ နှစ်ဝက်စီးပွားရေး အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

KDI၏ စီးပွားရေးခန့်မှန်းချက်များမှာ လက်ရှိကာလအတွင်းကမ္ဘာ့စီးပွားရေးကျဆင်းမှု အပေါ်တွင်အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒူဘိုင်းနိုင်ငံ၏စံသတ်မှတ်ထားသည့် မသန့်စင်ရသေးသော ယခုနှစ် ခေတ်ဆီခန့်မှန်းဈေးနှုန်း (၁) စည်လျှင် (၃၅) ဒေါ်လာနှင့် ရှေ့နှစ်တွင် (၁)စည်လျှင် (၄၀) ဒေါ်လာတို့ပေါ်တွင် မူတည်နေကြောင်း၊ ကိုရီးယားဝမ်တန်ဖိုးမှာ လည်းယခုနှစ်တွင်(၄)%အတိုးအလျော့အထိတန်ဖိုးလျော့ကျနိုင်ပြီး ရှေ့နှစ်တွင်လည်း ဆက်လက်လျော့ကျနိုင်ကြောင်း၊ ကမ္ဘာ့စီးပွားရေးအပေါ်ရှုမြင်သုံးသပ်မှုများအနေဖြင့် COVID-19 ကပ်ရောဂါ ခုခံကာကွယ်မှုများကြောင့်ဆက်လက်ပြီးပြောင်းလဲနေနိုင်ကြောင်း သုံးသပ်ထားပါသည်။

KDI အနေဖြင့်ကိုရီးယားသမ္မတနိုင်ငံ၏စီးပွားရေးတစ်ဖြည်းဖြည်းချင်း ပြန်လည်ဦးမော့ လာမည့် ၂၀၂၁ ခုနှစ်မတိုင်ခင်တွင် ဓာတ်ဆီဈေးနှုန်းကျဆင်းမှုနှင့် စီးပွားရေးတိုးတက်မှု တုံ့ဆိုင်း နေမှုများကြောင့် ယခုနှစ် တစ်နှစ်ပတ်လုံးတွင် ငွေကြေးဖောင်းပွမှုမှာ mid-zero % တွင်သာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင်ဖြစ်ပေါ်နေသော အလုပ်အကိုင် ဆုံးရှုံးမှုကြီးကို အစိုးရ၏ရန်ပုံငွေထောက်ပံ့မှုကြောင့် အချို့ကိုကုစားနိုင်၍ အလုပ်အကိုင်ကဏ္ဍကို ထိန်းသိမ်းသွားနိုင်ကာ ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင်အသစ်(၂၀၀,၀၀၀)ခန့် တိုးတက်လာနိုင် ကြောင်းသုံးသပ်ထားပါသည်။

ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်များနှင့် Credit Ratings အေဂျင်စီများကလည်း ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို Morgan Stanley က အနုတ်(-) ၁% ၊ Fitch က အနုတ်(-) ၀.၂%၊ Moody's က အနုတ်(-) ၀.၅ % ဟူ၍အသီးသီးခန့်မှန်းထားကြရာ၊ အာရှဖွံ့ဖြိုး ရေးဘဏ် (Asia Development Bank- ADB) တစ်ခုတည်းကသာ ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးကို အပေါင်းတိုးတက်မှုအဖြစ်၁.၃ % ခန့်မှန်းထားပြီး၊ ယခင်က၂.၃ %ခန့်မှန်းထားခဲ့ရာမှ ၁% လျော့နည်း၍ ပြောင်းလဲခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် COVID-19 ဗိုင်းရပ်စ်ကူးစက်မှုသည် အတန်သင့်ဆက်လက်ကူးစက်ပျံ့နှံ့နေလျက်ရှိသေးသဖြင့် International Monetary Fund (IMF) က ယခုနှစ် ကမ္ဘာ့ စီးပွားရေးမှာ နှစ်အစပိုင်းတွင်ပင် ၃ % ကျဆင်းပြီး၊ ယင်းနောက် ၆.၃ % ကျဆင်းနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ၅.၈ % ပြန်လည် တိုးတက်လာနိုင်ကြောင်း၊ သို့သော်အဆိုပါတွက်ချက်မှုမှာလည်း ပြောင်းလဲနိုင်သည့်အနေအထားတွင်ရှိကြောင်း Coronavirus ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကာလအလွန်တွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကုစားမှုအစီအစဉ် များနှင့် နိုင်ငံ၏စီးပွားရေး တိုးတက်နိုင်မှု အလား အလာအခြေအနေတို့အား သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## COVID-19 ၏ ဖိစီးမှုဒဏ်များကို တွန်းလှန်နိုင်ရန်အတွက် (၄)ကြိမ်မြောက် စင်ကာပူဒေါ်လာ ၃၃ ဘီလီယံဘတ်ဂျက်ဖြင့် ထောက်ပံ့သွားမည်

စင်ကာပူနိုင်ငံသည် COVID - 19 အား ဆက်လက်တိုက်ဖျက်သွားနိုင်ရန်အတွက် (၄)ကြိမ် မြောက် စင်ကာပူဒေါ်လာ ၃၃ ဘီလီယံတန်ဖိုးရှိသောဘတ်ဂျက်အစီအမံဖြင့် ဆက်လက်ထောက်ပံ့ ကူညီပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Mr Heng Swee Keat က ပါလီမန်၌ ၂၆ - ၅ - ၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

"Fortitude Budget" ဟု အမည်ပေးထားသည့် စတုတ္ထအကြိမ်မြောက် ဖြည့်စွက်ဘတ်ဂျက် တွင် COVID - 19 ရောဂါဖြစ်ပွားမှုကို ရှေ့တန်းမှ ကာကွယ်တားဆီးပေးနေကြသော ဌာန၊ အဖွဲ့အစည်းများအတွက် ရန်ပုံငွေတိုးချဲ့ပံ့ပိုးပေးခြင်း၊ လုပ်သားများအလုပ်အကိုင်တည်မြဲစေရေးနှင့် လုပ်ငန်းများ၏ ငွေသားလိုအပ်ချက်တို့အပေါ် ပံ့ပိုးပေးနိုင်ရန်အတွက် လုပ်ငန်းများ၏ လုပ်ခလစာ ကုန်ကျစရိတ်များကို အစိုးရမှ ထောက်ပံ့ပေးနေသောအစီအစဉ်အား ကာလထပ်တိုးပေးခြင်း၊ အစိုးရ မှစီမံခန့်ခွဲသော အဆောက်အဦများ၏ ငှားရမ်းခစရိတ်များကို ထပ်မံ၍ ကင်းလွတ်ခွင့်နှင့် သက်သာ ခွင့်များပေးခြင်း၊ အိမ်ထောင်စုများ၏ ကုန်ကျစရိတ်များသက်သာစေရေး ဆက်လက်ကူညီပံ့ပိုးပေး ခြင်း၊ COVID - 19 အလွန်ကာလတွင် ပြန်လည်နလန်ထူနိုင်စေရန် အကူအညီသီးခြား လိုအပ်သော လုပ်ငန်းကဏ္ဍများအား အထူးထောက်ပံ့ပေးမည့်အစီအစဉ်၊ လုပ်ငန်းများ၏ ဒီဂျစ်တယ်အသွင် ကူးပြောင်းဆောင်ရွက်လာရေးအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်၊ အလားအလာရှိသော ဖွံ့ဖြိုးစ လုပ်ငန်းငယ်လေးများအတွက် ငွေကြေးထောက်ပံ့မှုအစီစဉ်၊ လုပ်သားများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အလုပ်အကိုင်ဖန်တီးပေးမည့်အစီအစဉ်၊ လူမှုရေးအသင်းအဖွဲ့များအား ကူညီပံ့ပိုး ပေးမည့်အစီအစဉ်၊ စင်ကာပူတွင် COVID - 19 ရောဂါကူးစက်မှုအခြေအနေကို ထိန်းချုပ်နိုင်ရန် အတွက် မရှိမဖြစ်လိုအပ်သောလုပ်ငန်းများမှလွဲ၍ အခြားလုပ်ငန်းများကို ရပ်နားစေခဲ့သည့် Circuit Breaker ကာလကုန်ဆုံးမည့် ဇွန်လ ၁ ရက်နေ့နောက်ပိုင်းတွင် လုပ်ငန်းများ ပြန်လည်စတင် ဆောင်ရွက်ခွင့် မရရှိသေးသောလုပ်ငန်းများအတွက် ဝန်ထမ်းစရိတ်နှင့် ငှားရမ်းခစရိတ်များကို ထောက်ပံ့ပေးမည့်အစီအစဉ်များ ပါဝင်ကြောင်း၊ COVID - 19 ကာလအတွင်း လိုအပ်ပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ အရေးပေါ် ရန်ပုံငွေကိုလည်း စင်ကာပူဒေါ်လာ ၁၃ ဘီလီယံအထိလျာထားကြောင်းနှင့် ယခင်ဘတ်ဂျက်အစီအမံများအရ အခွန်သက်သာခွင့် ရရှိခဲ့ သော ပုဂ္ဂလိပိုင်စီးပွားရေးအဆောက်အဦများ၏ ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ အဆောက်အဦများတွင် ငှားရမ်း

လုပ်ကိုင်နေကြသည့် လုပ်ငန်းများ၏ ငှားရမ်းခသက်သာစေရေးအတွက် ရရှိခဲ့သည့်အခွန်သက်သာငွေများကို မဖြစ်မနေ ပြန်လည်မျှဝေပေးသွားရန် ဥပဒေဖြင့်ပြဋ္ဌာန်း၍ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စင်ကာပူသည် COVID – 19 ၏ ပြင်းထန်သော သက်ရောက်မှုများကို ကုစားနိုင်ရန်နှင့် COVID – 19 ကာလအလွန်တွင် လုပ်မှုစီးပွားရေးအခြေအနေ လျင်မြန်စွာ တိုးတက်လာနိုင်စေရန်အတွက် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် စင်ကာပူဒေါ်လာ ၆.၄ ဘီလီယံဘတ်ဂျက်၊ မတ်လ ၂၆ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် စင်ကာပူဒေါ်လာ ၄၈.၄ ဘီလီယံဘတ်ဂျက်၊ ဧပြီလ ၆ ရက်နေ့တွင် တတိယအကြိမ်မြောက် စင်ကာပူဒေါ်လာ ၅.၁ ဘီလီယံဘတ်ဂျက်နှင့် ယခု စတုတ္ထအကြိမ်မြောက် စင်ကာပူဒေါ်လာ ၃၃ ဘီလီယံဘတ်ဂျက်အပါအဝင် စုစုပေါင်း စင်ကာပူ ဒေါ်လာ ၉၂.၉ ဘီလီယံ (စင်ကာပူ GDP ၏ ၁၉.၂ ရာခိုင်နှုန်း) တန်ဖိုးရှိသော ဘတ်ဂျက်အစီအမံ တို့ဖြင့် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအမံများကြောင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အစိုးရ၏ ဘတ်ဂျက်လိုငွေမှာ စင်ကာပူဒေါ်လာ ၇၄.၃ ဘီလီယံ (GDP ၏ ၁၅.၄ ရာခိုင်နှုန်း) အထိဖြစ်ပေါ်နိုင်ပြီး၊ ဘတ်ဂျက်လိုအပ်ချက်အတွက် ယခင်အစိုးရသက်တမ်းအတွင်း နိုင်ငံတော်၏ သီးသန့် ရန်ပုံငွေစာရင်းမှ စင်ကာပူဒေါ်လာ ၅၂ ဘီလီယံကို ထုတ်ယူသုံးစွဲသွားရမည်ဖြစ်ကြောင်း၊ COVID – 19 ၏ သက်ရောက်မှု အခြေအနေ၊ လက်ရှိ ကမ္ဘာ့စီးပွားရေး၏ မသေချာမရေရာမှုများသောအခြေ အနေနှင့် စင်ကာပူ၏ စီးပွားရေးသည် ဆိုးရွားစွာ ကျဆင်းနိုင်သောအခြေအနေတို့ကို ထောက်ပြခဲ့ပြီး၊ ဖိစီးမှုများပြားလှသည့်ကာလအတွင်း အစိုးရ၏အထောက်အပံ့ပေးမှု အစီအမံများကိုအကျိုးရှိစွာအသုံးချလျက် လူမှုစီးပွားဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး စည်းလုံးညီညွတ်စွာဖြင့် အားလုံးမှပါဝင်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

**Source: www.singaporebudget.gov.sg**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (27.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 612 | 6,491,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 280 | 1,053,600 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,100 | 237 | 1,920,800 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 23,500 | 23,500 | 107 | 2,514,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,800 | 2,850 | 2,800 | 157 | 439,700 | 12,823,224 | 36,546 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.23 | +10.88 | +2.44% | 445.44 | 457.23 | 445.44 | 1,393 | 12,420,100 | 5 | 626,098 |

### Index chart




# Market Overview

As of 1:00 pm, 27th May. 2020

| MYANPIX | 457.23 ▲ 10.88 |
|---|---|
| Total Volume (shares) | 1,393 |
| Total Value (MMK) | 12 mil |
| Listed Company | 5 |
| Market Cap. (MMK) | 626,098 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,500 | ▼ 500 |
| TMH | 00005 | 2,850 | ▲ 50 |